Australian Government

The Treasury

AusNCP

Australian National Contact Point for Responsible Business Conduct

# နောက်ဆုံးထုတ်ပြန်ချက်

# အစီရင်ခံစာအကျဉ်းချုပ်

## Publish What You Pay Australia မှ ၎င်း၏ကိုယ်ပိုင်အမည်ဖြင့် တင်သွင်းသည့်အပြင် Myanmar Alliance for Transparency and Accountability နှင့် ဘော်တွင်း အလုပ်သမား သမဂ္ဂတို့ကိုယ်စား တင်သွင်းသည့် Mallee Resources Limited အား တိုင်ကြားချက်၊

၂ သြဂုတ်လ ၂၀၂၃

တာဝန်မယူကြောင်းငြင်းဆိုချက်

ဤစာတမ်းတွင်ပါရှိသော အကြောင်းအချက်အလက်ကို တာဝန်ယူမှုရှိသောလုပ်ငန်းလုပ်ဆောင်မှုအတွက် ဩစတြေးလျ နိုင်ငံလုံး ဆိုင်ရာ ဆက်သွယ်ရာဌာန (Australian National Contact Point for Responsible Business Conduct)သို့ တိုင်ကြားသော သီးသန့် တိုင်ကြားမှုကိစ္စမှ ပေါ်ပေါက်လာသည့် အထွေထွေလုပ်ငန်းစဉ်များနှင့် လုပ်ဆောင်ရန်သဘောတူညီချက်များအား စာဖတ်သူသို့ အသိပေးရန်အတွက် ရည်ရွယ်ပါသည်။ ဤအကြောင်းအချက်အလက်များကို ဖြန့်ဝေပေးခြင်းအားဖြင့် ဩစတြေးလျနိုင်ငံ ဘဏ္ဍာရေးဌာန (Australian Treasury) သည် ပညာရှင်ဆိုင်ရာအကြံဉာဏ် သို့မဟုတ် ဥပဒေဆိုင်ရာအကြံဉာဏ် ပေးနေသည် မဟုတ်သည့်အပြင်  ဤအကြောင်းအချက်အလက်များတွင်ပါရှိသော အကြောင်းအရာ၏ တိကျမှု သို့မဟုတ် ပြီးပြည့်စုံမှု တစ်စုံတစ်ရာအတွက်  တာဝန်ယူမည် မဟုတ်ကြောင်း နားလည်စေခြင်းအပေါ် အခြေခံ၍ ဤအကြောင်းအချက်အလက်များကို ဖြန့်ဝေပါသည်။ စာဖတ်သူများအနေဖြင့် အဓိပ္ပာယ်ကောက်ယူခြင်းနှင့်စပ်လျဉ်း၍ မိမိတို့ဘာသာ ဆင်ခြင်သုံးသပ် သင့်ပါသည်။ ဤအကြောင်းအရာများတွင် ဓနသဟာယအစိုးရ၏ အမြင်သုံးသပ်ချက်များနှင့် မသက်ဆိုင်သည့် သို့မဟုတ် သီးခြားလုပ်ဆောင်ချက်တစ်ခုကိုလုပ်ရန် တာဝန်ခံမှုကို မရည်ညွှန်းသည့်  နှစ်ဘက်အဖွဲ့အစည်းများနှင့် မသက်ဆိုင်သောအဖွဲ့များ၏ အမြင်သုံးသပ်ချက်များ ပါဝင်ပါသည်။ အခြား ဝက်ဘ်ဆိုဒ်များနှင့် အခြားပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများပါ စာရင်းများသို့ ချိတ်ဆက်ပေးထားသည့် အချိတ်အဆက်များကို အဆင်ပြေစေရန်အတွက် ထည့်သွင်းထားသည့်အပြင် အဆိုပါဝက်ဘ်ဆိုက်များ၊ ထုတ်ကုန်များ သို့မဟုတ် ဝန်ဆောင်မှုများအားထောက်ခံမှုကို အားပေးထားခြင်း မရှိပါ။ ဓနသဟာယ အစိုးရသည် ပါဝင်ပတ်သက်သည့်အဖွဲ့အစည်းများမှ တင်ပြထားသော ကိုယ်ရေးကိုယ်တာနှင့် စီးပွားဆိုင်ရာ လျှို့ဝှက် အကြောင်းချင်းရာ အချက်အလက်များ၏ သိုသိပ်ထားရှိရေးကို အချက်အလက် သီးခြားထားရှိရေး အက်ဥပဒေ ၁၉၈၈ ခုနှစ် ((Privacy Act, 1988) နှင့် သတင်းရယူရေး လွတ်လပ်ခွင့် အက်ဥပဒေ ၁၉၈၂ ခုနှစ် (Freedom of Information Act, 1982) တို့နှင့် အညီ လက်ခံကျင့်သုံးပါသည်။

၁။ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့တွင် တာဝန်ယူမှုရှိသော လုပ်ငန်းလုပ်ဆောင်မှုအတွက် ဩစတြေးလျ နိုင်ငံလုံးဆိုင်ရာ ဆက်သွယ်ရာဌာန (Australian National Contact Point for Responsible Business Conduct -AusNCP) သည် အရပ်ဘက်အဖွဲ့အစည်း (civil society organisations (CSOs)) ၂၄၅ ဖွဲ့ကိုယ်စား Publish What You Pay Australia (PWYP - သို့မဟုတ် အကြောင်းကြားသူ) ထံမှ ယခုအခါ Mallee Resources Limited ဟု သိရှိနေသော မြန်မာသတ္တုလီမိတက် (Myanmar Metals Limited (MYL) - သို့မဟုတ် ကုမ္ပဏီ) အပေါ် တိုင်ကြားသည့် တိုင်ကြားချက်ကို လက်ခံရရှိခဲ့ပါသည်။[၁]

၂။ စတင်တိုင်ကြားခဲ့စဉ် မြန်မာနိုင်ငံတွင် ဘော်တွင်း ငွေ၊ ခဲနှင့်သွပ်သတ္တုတွင်း တည်ထောင်ရန် ဖက်စပ်လုပ်ငန်း (ဘော်တွင်း ဖက်စပ်လုပ်ငန်း - Bawdwin Joint Venture, BJV) မှ နုတ်ထွက်လိုကြောင်း ရည်ရွယ်ချက်သည်ကို ဤကုမ္ပဏီ (MYL) က ကြေငြာခဲ့ပါသည်။

၃။ ဘော်တွင်းဖက်စပ်လုပ်ငန်း (BJV) မှ မြန်မာသတ္တုလီမိတက် (MYL) နုတ်ထွက်ရန် အဆိုပြုထားခြင်းသည် နိုင်ငံတကာစီးပွားရေးလုပ်ငန်းဆိုင်ရာ OECD လမ်းညွှန်ချက်များ (OECD Guidelines)[၂] ကို မလိုက်နာသည့်အပြင်၊ အကယ်၍ နုတ်ထွက်ပါက တာဝန်မဲ့စွာ နုတ်ထွက်ခြင်းဖြစ်သည်ဟု ဤအကြောင်းကြားသူမှ စွပ်စွဲထားပါသည်။ MYL သည် နုတ်ထွက်ခြင်းနှင့်စပ်လျဉ်းသော လူ့အခွင့်အရေးများအား ထိခိုက်စေမည့် အန္တရာယ် စိစစ်မှုများကို မလုပ်ဆောင်ခဲ့သည့်အပြင် ပါဝင်သက်ဆိုင်သူများနှင့် အဓိပ္ပါယ်ရှိရှိ အကျိုးရှိစွာ ဆက်သွယ်ခဲ့ခြင်း မရှိပါ၊ နုတ်ထွက်ခြင်းကြောင့် ပေါ်ပေါက်နိုင်သည့် လူ့အခွင့်အရေးဆိုင်ရာ  ထိခိုက်နစ်နာမှုများကို တားဆီးရန်သော်လည်းကောင်း သို့မဟုတ် လျော့ပါးရေးကိုသော်လည်းကောင်း မလုပ်ဆောင်ခဲ့သည်သာမက အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဒေသတွင်း သက်ဆိုင်သူများနှင့် ဆက်သွယ်ရာ၌လိုက်နာရမည့် OECD လမ်းညွှန်ချက်များပါ သက်ဆိုင်ရာ သတင်းအချက်အလက် ဖော်ထုတ်ခြင်းဆိုင်ရာလမ်းညွှန်ချက်များနှင့် မကိုက်ညီခဲ့ပါဟု အကြောင်းကြားသူ (PWYP) မှ စွပ်စွဲထားပါသည်။ တိုင်ကြားချက် နောက်ထပ် အသေးစိတ်  နောက်ဆက်တွဲ B တွင် ပါရှိသည်။

၄။ MYL ၏ ရပ်တည်ချက်မှာ BJV မှ တာဝန်မဲ့စွာ နုတ်ထွက်ခြင်း မဟုတ်ဘဲ စစ်တပ်အာဏာသိမ်းပြီးနောက် ၎င်း၏ ဝေစုအကျိုးစီးပွားကို BJV ရှိ လက်ရှိ လုပ်ငန်းဝေစုပါဝင်သူထံ ရောင်းချခဲ့ခြင်းဖြစ်ပြီး၊ အဆိုပါ လုပ်ငန်းဝေစုပါဝင်သူမှာ လူမှုရေးအရ တာဝန်ရှိသော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်ဟု  MYL က သုံးသပ်မှတ်ယူခဲ့ပါသည်။ MYL အနေဖြင့် BJV တွင် မိမိ၏ ဝေစုကို ပြန်လည်ရယူထားရန်နှင့် မိမိ၏ဩဇာအာဏာကိုသုံး၍ အနာဂတ် ဘော်တွင်းသတ္တုတွင်း လုပ်ငန်းဆက်လက်လုပ်ကိုင်မှုကို နှောင့်နှေးရန် သို့မဟုတ် ရပ်တန့်ရန် လုပ်ပေးပါဆိုသည့် PWYP ၏ အဆိုပြုချက်မှာ - စစ်တပ်အာဏာသိမ်းချိန်ကာလ၌ မဖြစ်နိုင်ကြောင်းကိုလည်း  MYL က တင်ပြခဲ့သည်။ ဤတိုင်ကြားချက်အား PWYP မှ မရိုးမဖြောင့်သော သဘောသဘာဝအရ တိုင်ကြားခဲ့သည်ဟု ဤ MYL ကုမ္ပဏီက စွပ်စွဲထားသည်။ MYL ၏ ဖြေကြားမှု နောက်ထပ် အသေးစိတ် နောက်ဆက်တွဲ C တွင် ပါရှိသည်။

၅။ ဘက်မလိုက်သော စုံစမ်းစစ်ဆေးသူသည် AusNCP လုပ်ထုံးလုပ်နည်းများတွင် ဖော်ပြထားသော သတ်မှတ်ချက်များနှင့်အညီ တိုင်ကြားချက်အား ကနဦး စိစစ်မှု ပြုလုပ်ခဲ့သည်၊ ပါဝင်သောသူများနှင့် ဆက်သွယ်ပြောဆိုပြီးနောက် တိုင်ကြားချက်ကို လက်ခံရန် ဆုံးဖြတ်ခဲ့သည်။ ဤလုပ်ငန်းစဉ်အတွင်း PWYP၊ CSOs ၂၄၄ဖွဲ့ ပါဝင်သော မြန်မာ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုတာဝန်ခံမှု မဟာမိတ်အဖွဲ့ (Myanmar Alliance for Transparency and Accountability (MATA)) နှင့် ဘော်တွင်း အလုပ်သမားသမဂ္ဂတို့မှ တိုင်ကြားချက်ကို တိုင်တန်းခဲ့ကြောင်း ဤ အကြောင်းကြားသူဖြစ်သည့် PWYP က ရှင်းလင်းတင်ပြခဲ့သည်။ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် AusNCP သည် တိုင်ကြားချက်ကို လက်ခံသည့် ကနဦး စိစစ်မှုကို ထုတ်ပြန်ခဲ့ပြီး မိမိ၏ ကြားဝင်ဖျန်ဖြေပေးမှုကို လုပ်ပေးမည်ဟု နှစ်ဖက်ပါဝင်သောသူများအား ကမ်းလှမ်းခဲ့သည်။ ကနဦး စိစစ်မှု နောက်ထပ် အသေးစိတ် စာပိုဒ် ၄၄-၅၂တွင် ပါရှိပါသည်။

------------

[၁] နိုင်ငံတကာစီးပွားရေးလုပ်ငန်းဆိုင်ရာ OECD လမ်းညွှန်ချက်များ (OECD Guidelines) ဆိုင်ရာ သီးသန့်တိုင်ကြားမှုဖြစ်စဉ်အရ Publish What You Pay Australia (PWYP)မှ ဩစတြေးလျ နိုင်ငံလုံးဆိုင်ရာ ဆက်သွယ်ရာဌာန (Australian National Contact Point for Responsible Business Conduct (AusNCP)) သို့၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့တွင် တင်သွင်းခဲ့သော တိုင်ကြားချက် (တိုင်ကြားချက်)

[၂] စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (Organisation for Economic Cooperation and Development (OECD)) (၂၀၁၁)၊ *နိုင်ငံတကာစီးပွားရေးလုပ်ငန်းများအတွက် OECD လမ်းညွှန်ချက်များ၊* OECD ထုတ်စာစောင်။ http://dx.doi.org/10.1787/9789264115415-en (OECD လမ်းညွှန်ချက်များ)။

၆။ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၂၁ရက်နေ့တွင် ဤ MYL ကုမ္ပဏီသည် ဖျန်ဖြေရေးတွင် ပါဝင်ဆွေးနွေးရန် ငြင်းဆိုခဲ့သည်။

၇။ MYL သည် ဖျန်ဖြေရေးတွင် ပါဝင်ဆွေးနွေးရန် ဆန္ဒမရှိသဖြင့်၊ ဘက်မလိုက်သော စုံစမ်းစစ်ဆေးသူသည် ဤနောက်ဆုံး ထုတ်ပြန်ချက်တွင် ဖော်ပြထားသည့်အတိုင်း ဤတိုင်ကြားချက်ပါ စွပ်စွဲချက်များကို ထပ်မံစစ်ဆေးခဲ့ပါသည်။ စစ်ဆေးရေး လုပ်ငန်းစဉ် အသေးစိတ် အောက်ပါစာပိုဒ် ၆၉-၇၃.၄တွင် ပါရှိပါသည်။

၈။ နောက်ထပ်စစ်ဆေးမှု၏ ရလဒ်အနေဖြင့်၊ တွေ့ရှိချက်များကို ဘက်မလိုက်သော စုံစမ်းစစ်ဆေးသူသည် အောက်ဖော်ပြပါ စာပိုဒ် ၁၂၉ မှ ၁၃၀ တွင်ဖော်ပြထားသည်။ အနှစ်ချုပ်အားဖြင့် ဤတွေ့ရှိချက်များမှာ -

၈.၁။ ဤ MYL ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် တာဝန်သိစွာ လုပ်ကိုင်ရန် ရည်ရွယ်ထားပုံရသည်။ သို့သော်လည်း မြန်မာနိုင်ငံတွင် ရင်းနှီးမြုပ်နှံမှု မလုပ်မီနှင့် လုပ်ကိုင်နေစဉ်အတွင်း OECD လမ်းညွှန်ချက်များအရ လိုက်နာ လုပ်ဆောင်ရလိမ့်မည်ဖြစ်သည့် လူ့အခွင့်အရေးမူဝါဒ ချမှတ်မထားရှိခြင်းနှင့် လူ့အခွင့်အရေးများအား ထိခိုက်စေမည့် အန္တရာယ် စိစစ်မှုများကို မလုပ်ဆောင်ခဲ့ခြင်းတို့ကြောင့် ကုမ္ပဏီ၏ လုပ်ကိုင်နိုင်စွမ်းရည်ကို ထိခိုက်ခဲ့သည်။

၈.၂။ ဤ MYL ကုမ္ပဏီသည် မြန်မာနိုင်ငံရှိ BJV မှ ၎င်း၏ နုတ်ထွက်မှုနှင့်စပ်လျဉ်း၍ လူ့အခွင့်အရေးများအား ထိခိုက်စေမည့် အန္တရာယ် စိစစ်မှုများ တစ်စုံတစ်ရာ သို့မဟုတ် လုံလောက်သော မည်သည့်အရာကိုမျှ မလုပ်ဆောင်ခဲ့ပါဆိုသည့် ဤအကြောင်းကြားသူ၏ စွပ်စွဲချက်သည် ခိုင်လုံပါသည်။

၈.၃။ လူ့အခွင့်အရေးများကို လက်ခံကျင့်သုံးရန်နှင့် ထိရောက်သော မူဝါဒများနှင့် လုပ်ငန်းစဉ်များ ချမှတ်ထားရှိရမည်မှာ MYL ၏တာဝန် ဖြစ်ပါသည်။ သို့သော်လည်း ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ရင်းနှီးမြုပ်နှံမှု တိုးချဲ့ မြှင့်တင်ပေးနေကြသော Austrade ကဲ့သို့သော အေဂျင်စီများ၏ ရေးသားဖြန့်ဝေမှုများနှင့် ကြော်ငြာမြှင့်တင်ရေးကိစ္စ များတွင် OECD လမ်းညွှန်ချက်များနှင့်အညီ စီးပွားလုပ်ငန်းများအပေါ် ဩစတြေးလျအစိုးရ၏ မျှော်မှန်းချက်များကို ဤ MYL ကုမ္ပဏီသည် သိရှိနားလည်ခြင်း မရှိသည့်အပြင် လုပ်ဆောင်ထားခြင်း မရှိပါ။ ဤဩစတြေးလျအစိုးရ အေဂျင်စီ များ၏ရေးသားဖြန့်ဝေမှုများနှင့် ကြော်ညာမြှင့်တင်ရေးကိစ္စများကို မြန်မာနိုင်ငံ၌ စီးပွားလုပ်ငန်း စတင်မလုပ်မီနှင့် လုပ်ကိုင်နေစဉ်အတွင်း လူ့အခွင့်အရေးများအား ထိခိုက်စေမည့် အန္တရာယ် စိစစ်မှုများ၏ အရေးကြီးပုံကို ရည်ညွှန်း လုပ်ဆောင်မှု အားနည်းနေကြောင်း တွေ့ရှိခဲ့ရသည်။ ၎င်းတို့သည် ဩစတြေးလျ စီးပွားလုပ်ငန်းများအား လူမှုရေးအရ တာဝန်ယူမှုရှိသော စီးပွားရေးရာလုပ်ရပ်များကို အကောင်အထည်ဖော်ရာ၌ ပံ့ပိုးပေးရန် ပံ့ပိုးရင်းမြစ်များကို မည်ကဲ့သို့ ရယူရမည့် လမ်းညွှန်ပေးခြင်းနှင့်ပတ်သက်၍လည်း များသောအားဖြင့် နည်းပါးသည်။

၈.၂။ ဤ MYL ကုမ္ပဏီသည် မိမိ၏ ဝေစုအကျိုးစီးပွားအား BJV သို့ ရောင်းချပြီးနောက် ဖြစ်ပေါ် ခဲ့နိုင်သည့်၊ ဖြစ်ပေါ်ရန် လှုံ့ဆော်ခဲ့နိုင်သည့် သို့မဟုတ် တိုက်ရိုက် ချိတ်ဆက်ပေးခဲ့နိုင်သည့် မကောင်းသော လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှု ဖြစ်နိုင်ခြေကို ဟန့်တားရန်သော်လည်းကောင်း သို့မဟုတ် လျော့ပါးစေရန်သော်လည်းကောင်း မဆောင်ရွက်ခဲ့ပါ။ ဤသို့ဖြင့် ၎င်းမှာ လူ့အခွင့်အရေးများအား ထိခိုက်စေမည့် အန္တရာယ် စိစစ်မှုများ ဆောင်ရွက်ထားမှု မရှိခဲ့ခြင်း အနေအထားသို့ ရောက်ရှိခဲ့ခြင်းကြောင့် မိမိ၏ ဝေစုအကျိုးစီးပွား ရောင်းချခြင်း၏ မကောင်းသော လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများ ဖြစ်နိုင်ခြေကို ဤ MYL ကုမ္ပဏီအနေဖြင့် သိရှိရန်လိုပါသည်။ အဆိုပါ သက်ရောက်မှုများတွင် ဘော်တွင်းသတ္တုတွင်း အနီးတစ်ဝိုက်နယ်မြေ၌ လက်နက်ကိုင်တိုက်ခိုက်မှုများ တိုးပွားမှု၊ လက်နက်ကိုင်တိုက်ခိုက်မှုကြောင့် ဒေသခံလူများနှင့် ရပ်ရွာအသိုက်အဝန်းတို့အား ထိခိုက်နစ်နာမှုများ၊ တရားမဝင် စစ်အာဏာရှင်အုပ်စုအား ငွေကြေးထောက်ပံ့မှုနှင့် အသိအမှတ်ပြုမှုတို့ ပါဝင်ပါသည်။ သို့သော်လည်း အဆိုပါ မကောင်းသော လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများ ရှိခဲ့သည်ဆိုသည့် စွပ်စွဲချက်ကို အတည်ပြုရန်အတွက် ဘက်မလိုက်သော စုံစမ်းစစ်ဆေးသူ၏ စုံစမ်းစစ်ဆေးနေစဉ်အတွင်း လုံလောက်သော သက်သေခံအထောက်အထား မရရှိခဲ့ပါ၊ ဤကိစ္စကို ဆုံးဖြတ်ချက်ချမှတ်ပေးရန် စုံစမ်းစစ်ဆေးသူမှ ငြင်းဆိုပါသည်။

၈.၃။ ဤ MYL ကုမ္ပဏီသည် နုတ်ထွက်မှုနှင့်စပ်လျဉ်း၍ ကြိုတင်၍သော်လည်းကောင်း၊ နုတ်ထွက်နေစဉ်သော်လည်းကောင်း သက်ဆိုင်သူများနှင့် အဓိပ္ပါယ်ရှိစွာ ဆက်သွယ်ဆောင်ရွက်မှု ပျက်ကွက်ခြင်းရှိသည်ဆိုသည့် ဤအကြောင်းကြားသူ၏ စွပ်စွဲချက်သည် ခိုင်လုံပါသည်။

၈.၄။ ဤ MYLကုမ္ပဏီသည် ဤကုမ္ပဏီနှင့် အချို့သောအဖွဲ့အစည်းများအကြား ဖွဲ့စည်းပုံနှင့် စီးပွားလုပ်ငန်း အချိတ်အဆက်များနှင့်တကွ လက်နက်ကိုင် တိုက်ခိုက်မှု အန္တရာယ်များအပါအဝင် ကိစ္စရပ်များနှင့်ပတ်သက်သည့် အဓိကကျသော အကြောင်းအချက်အလက်များကိုလည်း မထုတ်ဖော်ပေးခဲ့ပါ။

၈.၅။ ဤ MYL ကုမ္ပဏီသည် ဤကုမ္ပဏီ၏ မြန်မာဖက်စပ်လုပ်ငန်းရှင်ဖြစ်သည့် ဝင်းမြင့်မိုရ်စက်မှုလုပ်ငန်း (WMM)နှင့် မြန်မာနိုင်ငံ သတ္တုတွင်းအာဏာပိုင်ဖြစ်သည့် သတ္တုတွင်းလုပ်ငန်း 1 (ME1) တို့အကြား ချုပ်ဆိုထားသော ဘော်တွင်း သတ္တုတွင်းနှင့် စပ်လျဉ်းသည့် စာချုပ်စာတမ်းများ၏ မိတ္တူများကို ထုတ်ဖော်ရန်ထိန်ချန်ထားခြင်းဖြင့် OECD လမ်းညွှန်ချက်များကို လိုက်နာရန် မပျက်ကွက်ခဲ့ပါ။

၉။ အထက်ဖော်ပြပါကိစ္စရပ်များ၏ ရလဒ်အနေဖြင့် ဘက်မလိုက်သော စုံစမ်းစစ်ဆေးသူမှ ဆုံးဖြတ်ခဲ့သည်မှာ တိုင်ကြားချက်၏ ကိစ္စရပ်အားလုံးကို အတည်မပြုနိုင်သော်လည်း ဤ MYL ကုမ္ပဏီသည် OECDလမ်းညွှန်ချက်များကို ဆန့်ကျင်၍ BJV မှ နုတ်ထွက်ရန် ဆုံးဖြတ်ချက်ချမှတ်ရာ၌ လူ့အခွင့်အရေးများအား ထိခိုက်စေမည့် အန္တရာယ် စိစစ်မှုများကို မဆောင်ရွက်ခဲ့ပါ သို့မဟုတ် ပါဝင်ပတ်သက်သူများနှင့် အဓိပ္ပါယ်ရှိစွာ ဆက်သွယ်၍ မဆောင်ရွက်ခဲ့ပါ။ ဤကုမ္ပဏီမှ တင်ပြသည့် လုပ်ငန်း ဆောင်ရွက်မှုများ၊ ဖွဲ့စည်းပုံ၊ ပိုင်ဆိုင်မှုနှင့် လုပ်ငန်းစီမံကွတ်ကဲမှုတို့အပြင် ဤကုမ္ပဏီ၏ အန္တရာယ် ထိန်းချုပ်ရေးနှင့် ဆက်ဆံရေးတို့နှင့်စပ်လျဉ်း၍ ဤကုမ္ပဏီ၏ ထုတ်ဖော်ချက်များသည်လည်း OECD လမ်းညွှန်ချက်များတွင် ဖော်ပြထားသည့် လုပ်ရန်သတ်မှတ်ချက်များနှင့် မကိုက်ညီခဲ့ပါ။

၁၀။ ဘက်မလိုက်သော စုံစမ်းစစ်ဆေးသူသည် အနာဂတ်တွင် OECD လမ်းညွှန်ချက်များကို လိုက်နာမှု တိုးတက်စေရန်အတွက် အကြံပြုချက်များကို အကြံပြုပါသည်။ အဆိုပါ အကြံပြုချက်များမှာ-

၁၀.၁။ ကုမ္ပဏီအနေဖြင့် OECD လမ်းညွှန်ချက်များအပြင် စီးပွားလုပ်ငန်းနှင့် လူ့အခွင့်အရေးများနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂ၏ လမ်းညွှန်မှုဆိုင်ရာ အခြေခံစည်းမျဉ်းများ (United Nations Guiding Principles on Business and Human Rights (UNGPs)) နှင့်အညီ လူ့အခွင့်အရေးမူဝါဒတစ်ရပ်ကို ရေးဆွဲပြီး အကောင်အထည်ဖော်ပါ။ မူဝါဒတွင် လက်ရှိနှင့် အနာဂတ် သတ္တုတူးဖော်ရေး စီမံကိန်းများ၌ လူ့အခွင့်အရေးများအား ထိခိုက်စေမည့် အန္တရာယ် စိစစ်မှုများ လုံလုံလောက်လောက် ဆောင်ရွက်ခြင်းအပေါ် တာဝန်ယူမှု ပါဝင်သင့်သည်။ မူဝါဒကို အကောင်အထည်ဖော်ရာတွင် ဤကုမ္ပဏီ၏ အကြီးတမ်းဝန်ထမ်းများနှင့် လုပ်ငန်းလည်ပတ်မှုစီမံရသောဝန်ထမ်းများနှင့်တကွ လုပ်ငန်းပါဝင် ပတ်သက်သူများ၏ ပါဝင်ပတ်သက်မှု အပါအဝင်တို့အတွက် လူ့အခွင့်အရေးများအား ထိခိုက်စေမည့် အန္တရာယ် စိစစ်မှုများနှင့်စပ်လျဉ်းသည့် လေ့ကျင့်သင်တန်းပေးခြင်း ပါဝင်သင့်သည်။

၁၀.၂။ ကုမ္ပဏီအနေဖြင့် မိမိ၏ နှုတ်ထွက်ချိန်နောက်ပိုင်း ဖြစ်ပေါ်ခဲ့နိုင်သော စွပ်စွဲထားသည့် လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများနှင့်ပတ်သက်၍ အရပ်ဘက် အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးရပါမည်။

၁၀.၃။ ကုမ္ပဏီအနေဖြင့် မိမိ၏ ယခင် ဖက်စပ်လုပ်ကိုင်သူများအပေါ် ရှိထားသည့် ဩဇာ သို့မဟုတ် လွှမ်းမိုးမှုကို ၎င်းတို့အား အောက်ပါတို့ ဆောင်ရွက်စေရန်အတွက် တိုက်တွန်းနိုးဆော်ရန် အသုံးပြု၍ ၎င်းတို့အား-

၁၀.၃.၁။ လူ့အခွင့်အရေးများအား ထိခိုက်စေမည့် အန္တရာယ် စိစစ်မှုများ ဆောင်ရွက်ရန်နှင့် ဖြစ်ပေါ်ခဲ့နိုင်သည့် မကောင်းသော သက်ရောက်မှုများကို ဖြေရှင်းပေးရန်နှင့် ပြန်လည်ဖျန်ဖြေပေးရန်၊ ထို့ပြင်

၁၀.၃.၂။ WMM နှင့် ME1 အကြား ချုပ်ဆိုသည့် အပြီးသတ် စာချုပ် မိတ္တူကို ဤ အကြောင်းကြားသူ၊ MATA နှင့် ဘော်တွင်း အလုပ်သမား သမဂ္ဂသို့ ပေးပို့ရန်ဖြစ်သည်။

၁၀.၄။ အစိုးရတစ်ရပ်လုံး တသမတ်တည်းရှိစေရန်နှင့် မူဝါဒ ညီညွတ်မှု ရှိစေရန်အတွက် ဘက်မလိုက်သော စုံစမ်းစစ်ဆေးသူက အကြံပြုသည်မှာ AusNCP အနေဖြင့် Austrade အပါအဝင် နိုင်ငံရပ်ခြားရှိ ဩစတြေးလျစီးပွားရေး လုပ်ငန်းများကို ပံ့ပိုးပေးသည့် အစိုးရအေဂျင်စီများနှင့်တကွ ရုံးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရန်ဖြစ်သည်၊ ဆောင်ရွက်ရာတွင် တာဝန်ခံသော လုပ်ရပ်တစ်ခုမှာ Austrade ၏ လက်တွေ့လုပ်ငန်းဆောင်တာကိစ္စရပ်များတွင် လုံလောက်စွာ ထင်ဟပ်ထားသည့်အတိုင်း စာရွက်စာတမ်းများနှင့် လုပ်ရှားမှုများတွင် ဩစတြေးလျနိုင်ငံ အစိုးရ၏ မျှော်မှန်းထားချက်ကို သေချာစေရေးအပေါ် ထားရှိသည့်အမြင်ခံယူချက်ဖြင့် ဆောင်ရွက်ရန်ဖြစ်ပါသည်။ အဆိုပါ ကြိုးပမ်းမှု များမှာ အစိုးရဌာနများနှင့် အေဂျင်စီများက မျှော်မှန်းထားချက်များကို တစ်သမတ်တည်း ချမှတ်ထားကြောင်းနှင့်

စီးပွားလုပ်ငန်းများ အနေဖြင့် လူ့အခွင့်အရေးမူဝါဒများ ချမှတ်ထားရှိခြင်း အပြင် လူ့အခွင့်အရေးများအား ထိခိုက်စေမည့် အန္တရာယ် စိစစ်မှုများကို အထူးသဖြင့် အန္တရာယ်များပြီး ပဋိပက္ခဖြစ်ပွားရာ ဒေသ များတွင် အထူးသဖြင့် အန္တရာယ်များပြီး ပဋိပက္ခဖြစ်ပွားသည့်ဒေသများတွင် ဆောင်ရွက်ထားခြင်းတို့နှင့်ပတ်သက်၍ လမ်းညွှန်ပေးကြောင်း သေချာစေရန် စိစစ်သင့်သည်။

၁၁။ AusNCP သည် ဤအကြံပြုချက်များကို ၁၂လအတွင်း ထပ်ဆင့်စိစစ်ပါလိမ့်မည်။

၁၂။ ဤထုတ်ပြန်ချက်ကို ၂၀၁၁ ခုနှစ်ထုတ် OECD လမ်းညွှန်ချက်များနှင့် ၂၀၂၂ ခုနှစ်ထုတ် AusNCP မကျေနပ်ချက် တိုင်ကြားမှု ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား ကိုးကား၍ ရေးသားထားသည်။ ဤထုတ်ပြန်ချက် မိတ္တူကို AusNCP ဝက်ဘ်ဆိုက် www.ausncp.gov.au တွင် ရရှိနိုင်ပါသည်။

**ရှန်တာ မာတင် (Shanta Martin)**

Independent Examiner
Australian National Contact Point for Responsible Business Conduct
Email: Shanta.Martin@ausncp.gov.au